
ဝန်ရင်း
Read on the move
ကိုမာကီ [ဓဓမျိုးဆက်]
မုန်တိုင်းကြမ်း
နှင့်
ပန်းဝတ်မှုန်

## မုန်တိုင်းကြမ်းနှင့် ပန်းဝတ်မှုံ

''ငယ်စဉ်ကကလေးတို့ဘဝမှာ...

ပျော်ပါးဖို့ရာလွယ်ပါတယ်...

ကိုယ်ရတာ နဲ့ တင်းတိမ်ရောင့်ရဲ...

စားချိန်မှာဝင်စားမယ်....

အိပ်ချိန်မှာ ဝင်အိပ်မယ်...

အပူအပင်ကင်းတဲ့ ကလေးလေးဘဝကို

တစ်ခါပြန်ပြီး ရချင်သေးတယ်...

အပြစ်မသိသေးတဲ့ ကလေးလေးဘဝကို...

တစ်ခါပြန်ပြီးရောက်ချင်သေးတယ်...........''

လမ်းမပေါ်အထိ လွင့်စင်ကျလာသော လက်ဖက်ရည်ဆိုင်ထဲမှ သီချင်းသံအချို့ကို သူမ နားစိုက်ထောင်မိသည်။

သူမတို့၏ ရပ်ကွက်ထိပ်ရှိ ဤလက်ဖက်ရည်ဆိုင်ရှေ့သို့ရောက်တိုင်း သူမ၏ ဘဝလေးလုံခြုံသွားသလို ခံစားမိသည်။

ဤ လက်ဖက်ရည်ဆိုင်လေးသည် အိမ်အပြန်လမ်းတစ်လျှောက်လုံး၌ သူမခံစားခဲ့ရသော စိုးရွံ့မှုများကိုဖယ်ရှားပေးနိုင်သည်။

မြို့ပြ၏ မယဉ်ကျေး သော စရိုက်လက္ခဏာများကို သန့်စင်ပေးနိုင်သည်။ သူမ၏ အနောက်မှ အနှောက်အယှက် ပါလာလျှင်

ဤလက်ဖက်ရည်ဆိုင်ထဲမှနေ၍ နှုတ်ဆက်စကားဆိုလေ့ ရှိကြသူတို့ကို သူမ ကျေးဇူးတင်မိသည်။ သူမ တစ်ယောက်တည်း

အေးအေးဆေးဆေး ပြန်လာတာကိုတွေ့လျှင် နှုတ်ဆက်စကား မဆိုကြသည့်အတွက်လည်း သူမ လေးစားမိသည်။ ထို့ကြောင့်

ဤလက်ဖက်ရည်ဆိုင်လေးထဲမှ သီချင်းသံကို ကြားရပြီဆိုတိုင်း သူမမှာ ခွန်အားတွေရှိလာရသည်။ ပြီးတော့ အိမ်နှင့် နီးလာ

ပြီမဟုတ်လား....။ မေမေနှင့် တွေ့ရတော့မည် မဟုတ်လား...။ လမ်းမပေါ်အထိ လွင့်စင်ကျလာသော သီချင်းသံသည်

သူမအတွက်တော့ ချိုးငှက်ငယ်လေးရဲ့ သံလွင်ခက်ပါပဲ။

ဆိုင်ရှင်ကြီးကလည်း အခုနက သီချင်းလေးကို အတော်ကြိုက်သည်ထင်ပါရဲ့။ မကြခဏ ဖွင့်လွှန်းလို့ သူမပင် သီချင်းစာသား အချို့ ကို မှတ်မိနေပြီ။ ပျော်ရွှင်စရာကောင်းတဲ့ ကလေးငယ်ဘဝကို ပြန်လည်တမ်းတထားတဲ့ သီချင်းလေးတစ်ပုဒ်လေ။

ဒီလိုပါပဲ...။ လူတွေဟာ ကိုယ့်ရဲ့ လက်ရှိဘဝကို အားရကျေနပ်မှုမရှိတဲ့အခါတိုင်း၊ အတိတ်ကပျော်ရွှင်ချမ်းမြေ့ဖွယ်ရာ ကာလတွေကို ပြန်လည်တမ်းတမိကြတယ် ထင်ပါရဲ့။ ဒါမှမဟုတ်ရင်လည်း လက်တွေ့ဘဝရဲ့ ခက်ခဲကြမ်းရှမှုတွေဆီကနေ ယာယီရုန်းထွက်တဲ့အနေနဲ့ သာယာတဲ့ ဘဝတစ်ခုခုကို မျှော်မှန်းစိတ်ကူးယဉ်လေ့ ရှိကြတယ်ထင်ပါရဲ့။

သူမမှာလည်း စက္ကန့် မိနစ်နဲ့အမျှ မျှော်မှန်းစိတ်ကူးယဉ်နေရတဲ့ ဘဝလေးတစ်ခု ရှိနေသည်ပဲလေ...။ မိသားစု စုံစုံလင်လင်နှင့် ငြိမ်းချမ်းပျော်ရွှင်စွာ နေထိုင်ရမည့် ဘဝလေးတစ်ခုကို သူမ အလိုလား အတောင့်တဆုံး ဖြစ်နေမိသည်။ ဒါကို ဖေဖေသိခဲ့ရင် 'သမီးက အခုထိ စိတ်ကူးယဉ်တတ်တုန်းပဲကိုး' ဆိုပြီး သူမရဲ့ခေါင်းကို လက်သီးဆုပ်နဲ့ ခပ်ဖွဖွလေးထုမှာ သေချာသည်။ ဒါပေမဲ့ ...

လက်ရှိဘဝကို ရင်မဆိုင်ဝံ့လို့ စိတ်ကူးယဉ်တာ မဟုတ်တဲ့အကြောင်း ဖေဖေ ယုံကြည်မည်ဆိုသည်ကိုလည်း သူမ အသေအချာသိနေသည်။ 'ငြိမ်းအေးမွန်'ဆိုသည့် သူမထံတွင် ဖေဖေ့ဆီမှ စိတ်ဓာတ်ခွန်အားများနှင့် မေမေ့ဆီမှ ရောင့်ရဲမှုအင်အားများ အပြည့်အဝ ရှိနေသည်ပဲလေ။

***

ပဉ္စမတန်းစာမေးပွဲ ဖြေဆိုဖို့ ပြင်ဆင်နေသည့် လူမမယ် ကလေးမလေး တစ်ယောက်သည် သူမ၏ မေမေကို 'ဖေဖေ ဘယ်သွား တာလဲဟင်' လို့ တစာစာမေးခဲ့ဘူးသည်။ 'ဖေဖေ ဘယ်တော့ပြန်လာမှာလဲဟင်' လို့ ညိုးငယ်စွာမေးခဲ့ဖူးသည်။ 'ဖေဖေ သမီးတို့နဲ့ ပြန်လိုက်ခဲ့ပါလားဟင်' လို့ မသိနားမလည်စွာ ပူဆာခဲ့ဖူးသည်။ ဖေဖေ့ဆီသွားတွေ့ဖို့ နီးကပ်လာတိုင်း သူမ၏ မေမေကို မပျက်မကွက် သတိပေးခဲ့ဖူးသည်။ သူမ၏ ကိုကိုနှင့် အလှည့်ကျလိုက်ပါခွင့်ရတာ ကိုပင် မချင့်မရဲ ဖြစ်ခဲ့ရဖူးသည်။

ထို လူမမယ်ကလေးမလေးသည် အလယ်တန်းကျောင်းသူ ဘဝမှာပင် အံ့သြရင်ခုန်စရာကောင်းသည့် ဝေါဟာရများဖြင့် လောကကြီးကို စူးစမ်းတတ်ခဲ့သည်။ နိုင်ငံရေး၊ ယုံကြည်ချက်၊ အာဏာရှင်၊ ဒီမိုကရေစီ၊ ကျောင်းသားသမဂ္ဂ၊ ခွပ်ဒေါင်း၊ အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ်၊ ဒေါ်အောင်ဆန်းစုကြည် .... စသော အမည်နာမ ဝေါဟာရများနှင့် ယဉ်ပါးခဲ့ရသည်။ ရွယ်တူ သူငယ်ချင်းများကြားထဲ၌ ထူးဆန်းသော ကလေးမလေး တစ်ယောက်သဖွယ်ဖြစ်ခဲ့ရသည်။

'နင်ပြောတာတွေ ငါတို့ နားမလည်ပါဘူး...အေးမွန်ရယ်' လို့ ခပ်ညည်းညည်းလေး ပြောတတ်ကြသည့် သူငယ်ချင်းမလေးများကို သူမ၏ ဝေါဟာရတွေအတွက် စိတ်ရှည်စွာဖြင့် ရှင်းပြနေသည်မှာ မမောနိုင်မပန်းနိုင်။

''ဒါဆိုရင် ဒီမိုကရေစီစနစ်ဆိုတာ အရမ်းကောင်းတာပေါ့နော်....''

''ဒါဆိုရင် နင့်ဖေဖေက ဆိုးလို့ထောင်ကျတာ မဟုတ်ဘူးပေါ့''

''ဒါဆိုရင် နင့်ဖေဖေကို ထောင်ချတဲ့ သူတွေက ဘယ်တရားမလဲနော်''

စသည်ဖြင့် သူငယ်ချင်းမလေးတွေက အားတက်သရော တုန့်ပြန်ပြောလာရင်ဖြင့်၊ ကမ္ဘာပေါ်တွင် သူမလောက် ပျော်ရွှင်ကျေနပ်ရသူ အခြားမရှိတော့ပေ။

***